






## အခြေခံမူများ

- လူသားချင်းစာနာထောက်ထားခြင်း
- ခွဲခြားမှုမရှိခြင်း
- ကြားနေခြင်း
- လွတ်လပ်ခြင်း
- စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း
- စည်းလုံးညီညွတ်ခြင်း
- ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

## လူသားချင်းစာနာထောက်ထားခြင်း

**စစ်မြေပြင်တွင်ဒဏ်ရာရသူများကို မခွဲခြားဘဲကူညီရန်ဟူသော ဆန္ဒအရင်းခံဖြင့် ပေါ်ပေါက်လာခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုသည် ကမ္ဘာ့မည်သည့် နေရာတွင်မဆို ဆင်းရဲဒုက္ခခံစားရမှုများကို တားဆီးကာကွယ်ရန်နှင့် ဆင်းရဲဒုက္ခကြုံတွေ့ရပါကလည်း လျော့နည်းသက်သာစေရန် နိုင်ငံတကာနှင့် နိုင်ငံအသီးသီးတွင် ယင်း၏ စွမ်းအားရှိသရွေ့ ကြိုးပမ်းပါသည်။ ဤလှုပ်ရှားမှု၏ ရည်ရွယ်ချက်မှာ လူသားတို့၏ အသက်နှင့်ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်မှုပေးရန်နှင့် လူသားတိုင်းအား အလေးထားလေးစားစေရန် ဖြစ်ပါသည်။ ဤလှုပ်ရှားမှုက လူခပ်သိမ်းတို့အကြား အပြန်အလှန် နားလည်မှု၊ ရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းရေး အခွန့်ရှည်တည်တံ့မှုတို့ကို မြင့်မားလာစေရန် ဆောင်ရွက်ပေးပါသည်။**

အခြားသောအခြေခံမူများအားလုံးကို ကျောထောက်နောက်ခံပြုနေသည့် ဤအခြေခံမူတွင် အယူအဆမျိုးစုံ လွှမ်းခြုံပါဝင်နေပါသည်။

- ဆင်းရဲဒုက္ခခံစားရမှုများသည် ကမ္ဘာနှင့်အဝှမ်းဖြစ်ပြီး ယင်းကို တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းကို ဥပေက္ခာပြုထား၍ မရပါ။
- လူ့ဂုဏ်သိက္ခာကို လေးစားခြင်းသည် ဤကြက်ခြေနီလှုပ်ရှားမှုက ဆောင်ရွက်သမျှအားလုံးထဲတွင် ပဓာနအကျဆုံး ဖြစ်ပါသည်။ ယင်းမှာ မည်သူမည်ဝါ သို့မဟုတ် မည်သည့်အရာလုပ်ခဲ့သည်ကို ပဓာနမထားဘဲ တပါးသူများအား ကူညီခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း သဘောဆောင်ပါသည်။
- အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကိုအများသိရှိစေရန် ဆောင်ရွက်ခြင်း၊ ဘေးဒုက္ခနှင့် ရောဂါအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ရှေးဦးပြုစုခြင်းမှသည် စားနပ်ရိက္ခာနှင့် အမိုးအကာ ထောက်ပံ့ပေးခြင်းအထိ ပါဝင်သည့် အသက်ကယ် လုပ်ငန်းများ လုပ်ကိုင်ခြင်းအားဖြင့် ဤကြက်ခြေနီလှုပ်ရှားမှုက လူ့အသက်နှင့် ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးပါသည်။

## ခွဲခြားမှုမရှိခြင်း

**ကြက်ခြေနီလှုပ်ရှားမှုသည် နိုင်ငံသား၊ လူမျိုး၊ ဘာသာရေးဆိုင်ရာယုံကြည်မှု၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးခံယူချက်တို့နှင့် စပ်လျဉ်း၍ ခွဲခွဲခြားခြား မပြုပါ။ ကြက်ခြေနီသည် လူတစ်ဦးချင်းစီ၏ လိုအပ်ချက်ကို အဓိက ထည့်သွင်း စဉ်းစားကာ ၎င်းတို့၏ ဆင်းရဲဒုက္ခကို နည်းပါးသက်သာစေရန် ကြိုးပမ်းပြီး ဒုက္ခရောက်သူများ အနက် အရေးကြီးဆုံးနှင့် အဆောတလျင် အကူအညီပေးရမည့် ကိစ္စရပ်များကို ဦးစားပေး ဆောင်ရွက်ပါသည်။**

ခွဲခြားမှုမရှိခြင်းဟူသောအခြေခံမူတွင် ဆက်နွယ်မှုရှိသော အယူအဆ သုံးခုပါဝင်ပါသည် -

- **ခွဲခြားဆက်ဆံမှုမရှိခြင်း**-ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သူများသည် လူတို့အား ကူညီရာတွင် ၎င်းတို့၏ ဘာသာရေးဆိုင်ရာယုံကြည်မှု၊ အသားအရောင်၊ နိုင်ငံရေးခံယူချက်၊ ၎င်းတို့မည်သည့် အရပ်မှလာသည် သို့မဟုတ် ဆင်းရဲချမ်းသာ အချက်များကို ထည့်သွင်းစဉ်းစားခြင်း မပြုပါ။
- **လိုအပ်မှုအတိုင်းအတာအလိုက်အကူအညီပေးခြင်း**- ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်သူများသည် ဒဏ်ရာရရှိသူများကို ပြုစုပေးရာတွင်ဖြစ်စေ၊ စားနပ်ရိက္ခာဖြန့်ဝေရာတွင်ဖြစ်စေ လိုအပ်ချက် အကြီးမားဆုံးသော သူများကို အကူအညီ ပထမဆုံးရရှိစေရမည်။
- **မျက်နှာသာမပေးခြင်း**-လိုအပ်ချက်များပေါ်တွင်သာ အခြေခံပြီး ဆုံးဖြတ်ချက်များကိုချမှတ်ရပါမည်။ ဆုံးဖြတ်ချက်များတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ သို့မဟုတ် ခံစားချက်များ မလွှမ်းမိုးစေရပါ။

## ကြားနေခြင်း

**လူတိုင်း၏ စိတ်ချယုံကြည်မှုကို အမြဲတစေဆက်လက် ရရှိနိုင်စေရန် ကြက်ခြေနီ လှုပ်ရှားမှုသည် စစ်ပွဲများ၌ တစ်ဘက်ဘက်သို့ ဘက်လိုက်ခြင်း မပြုသကဲ့သို့ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် ဝါဒရေးရာ အငြင်းပွားမှုများ၌ မည်သည့်အခါမျှ ပါဝင်ဆွေးနွေးခြင်း မပြုပါ။**

ဤလှုပ်ရှားမှုသည် မည်သည့်အချိန် မည်သည့်နေရာတွင်မဆို မိမိ၏ ပြောဆိုမှု သို့မဟုတ် လုပ်ဆောင်မှုများ၌ တစ်ဘက်ဘက်သို့ ဘက်လိုက်ခြင်းမပြုရပါ သို့မဟုတ် ထိုသို့ မပြုမိစေရန် ဂရုပြုရပါမည်။ ဤအချက်က ဤလှုပ်ရှားမှုအဖွဲ့ဝင်များအား အကျပ်အတည်းများတွင် အကူအညီလိုနေသူများထံ အရောက်သွားစေနိုင်မည် ဖြစ်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုများတွင် ပါဝင်နေသူများနှင့် နှစ်ဘက်အပြန်အလှန် စကားပြောဆိုဆွေးနွေးခြင်းကို ဆက်လက်ဆောင်ရွက်နိုင်စေမည် ဖြစ်ပါသည်။ ဤလှုပ်ရှားမှု၏ ကြားနေခြင်းက အရပ်သားများနှင့် ဒဏ်ရာရသူများ သို့မဟုတ် ထိန်းသိမ်းခံရသော တိုက်ခိုက်ရေးသမားများအား ကူညီခြင်းသည် ပဋိပက္ခတွင် ဝင်ရောက်စွက်ဖက်ခြင်း မဟုတ်ကြောင်းကို ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့များ ယုံကြည်စိတ်ချမှုရှိစေရန် အထောက်အကူပြုပါသည်။ ဘက်ပေါင်းစုံမှ အားလုံး၏ ယုံကြည်စိတ်ချမှုကို ရရှိစေရန် ဤလှုပ်ရှားမှုအဖွဲ့ဝင်များသည် ငြိမ်းချမ်းစဉ်ကာလ၌ ကြားနေသော လုပ်ဆောင်ချက်အတွက် ဂုဏ်သတင်းမွေးစေရန် ကြိုးပမ်းကြရပါမည်။ သို့မှသာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အခါ သို့မဟုတ် အခြားအကြမ်းဖက်မှု အခြေအနေများတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

## လွတ်လပ်ခြင်း

**ကြက်ခြေနီလှုပ်ရှားမှုသည် အမှီအခိုကင်း၍ လွတ်လပ်မှုရှိပါသည်။ အမျိုးသားအသင်းများသည် သက်ဆိုင်ရာအစိုးရများ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် ထိုအစိုးရများ၏ အရန်အင်အားသဖွယ် ပါဝင်ကူညီဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများကို လေးစားလိုက်နာရပါမည်။ သို့သော် ဤလှုပ်ရှားမှု၏ အခြေခံမူများနှင့်အညီ အမြဲတစေ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအသင်းများသည် အမြဲတမ်း လွတ်လပ်စွာ အထိန်းအချုပ်မရှိ လှုပ်ရှားနိုင်ရပါမည်။**

- အမှန်တကယ် လွတ်လပ်မှုရှိမှသာလျှင် ဤကြက်ခြေနီလှုပ်ရှားမှုသည် ကြားနေခြင်းနှင့် ခွဲခြားမှုမရှိခြင်းဟူသော အခြေခံမူများကို လေးစားလိုက်နာ နိုင်မည်ဖြစ်ပါသည်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနယ်ပယ်တွင် သက်ဆိုင်ရာ အစိုးရများ၏ အရန်အင်အားအဖြစ် ဆောင်ရွက်လျက်ရှိသော်လည်း အမျိုးသားအသင်းများသည် အချိန်တိုင်း၊ အခြေအနေတိုင်းတွင် အခြေခံမူများနှင့်အညီ လုပ်ကိုင်နိုင်စေရန် ဆုံးဖြတ်ချက်များချမှတ်ရာ၌ လွတ်လပ်စွာဆုံးဖြတ်ဆောင်ရွက်ခွင့်ကို ထိန်းသိမ်းထားရမည်။ ဤမူများနှင့် ဆန့်ကျင်သည့် တောင်းဆိုမှုများ အားလုံးကို ငြင်းဆိုရမည်ဖြစ်ပြီး မည်သည့် ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ဖိအားပေးမှုကိုမဆို နာခံခြင်း မပြုမိစေရန် သတိပြုရမည်ဟု ဆိုလိုပါသည်။
- ဤကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ဝင်များအား လွတ်လပ်သည့် ဆန်းစစ်လေ့လာမှုများကို ပြုလုပ်ခွင့်ပေးရမည်ဖြစ်ပြီး အကူအညီလိုအပ်နေသူများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်ပြုရပါမည်။

## စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း

**ဤကြက်ခြေနီလှုပ်ရှားမှုသည် မည်သည့်ဆောင်ရွက်မှုအတွက်မဆို အကျိုးအမြတ်ရရှိရေးဆန္ဒ အလျဉ်းမရှိသော စေတနာ့ဝန်ထမ်း ကယ်ဆယ်ရေး လှုပ်ရှားမှု ဖြစ်သည်။**

- လစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြက်ခြေနီလှုပ်ရှားမှုအတွင်း လုပ်ကိုင်နေကြသူများ အားလုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်လိုသည့် စိတ်အားထက်သန်မှုကို စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်းဟူသောမူက ဖော်ပြနေပါသည်။
- ကြက်ခြေနီလှုပ်ရှားမှု အဖွဲ့ဝင်များသည် အကူအညီပေးရာတွင် ကူညီလိုသည့်ဆန္ဒမှတပါး အခြားရည်ရွယ်ချက် တစ်စုံတစ်ရာမရှိဟူသော အချက်သည်သွေးစည်းညီညွတ်မှု၏ အင်အားကြီးမားသော ပြယုဂ် ဖြစ်ပါသည်။
- ကြက်ခြေနီနှင့်လခြမ်းနီစေတနာလုပ်အားရှင်များ ပါဝင်သည့် ကြက်ခြေနီလှုပ်ရှားမှု၏ ကြီးမားကျယ်ပြန့်သော ကွန်ယက်ချိတ်ဆက်ထားမှုသည် ပြိုင်ဘက်ကင်းပြီး ကမ္ဘာတစ်ဝှမ်းရှိ လူအပေါင်းအား အကူအညီများ ရရှိစေပါသည်။ ဤကွန်ယက်သည် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများအတွက် အစပျိုးရာနှင့် လှုံ့ဆော်အားပေးရာ ဇစ်မြစ်တစ်ခုဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင် ဒေသအခြေအနေများနှင့်ပတ်သက်၍ တန်ဖိုးမဖြတ်နိုင်သော သတင်းအချက်အလက်များနှင့် လိုအပ်နေသူများကို ကူညီရန်အတွက် အသင့်တော်ဆုံးနည်းလမ်းကိုလည်း ဆောင်ကြဉ်းပေးပါသည်။
- ယင်း စေတနာလုပ်အားရှင်များမှတဆင့် အမျိုးသားအသင်းများသည် ဒေသခံ ရပ်ရွာလူထုများ အတွင်း အခြေတည်ကာ ထိုရပ်ရွာအသိုင်းအဝိုင်းများအား ပိုမိုခိုင်မာ အားကောင်း လာစေရန်နှင့် လုပ်ကိုင်နိုင်စွမ်းရှိလာစေရန် ကူညီပေးပါသည်။

## စည်းလုံးညီညွတ်ခြင်း

**နိုင်ငံ တစ်နိုင်ငံတွင် ကြက်ခြေနီအသင်း သို့မဟုတ် လခြမ်းနီအသင်း တစ်သင်းသာ ရှိပါသည်။ ထိုအသင်းတွင် လူတိုင်း ပါဝင်နိုင်ခွင့် ရှိရပါမည်။ ထိုအသင်းသည် ထိုနိုင်ငံ၏ နယ်နိမိတ်အတွင်း ယင်း၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေရပါမည်။**

ဤအခြေခံမူသည် အမျိုးသားအသင်းများကို နိုင်ငံများနှင့် ရပ်ရွာလူထုအသိုင်းအဝိုင်းများအတွင်း စည်းလုံးညီညွတ်သော အင်အားစုတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်စေပြီး နားလည်မှုပိုရှိလာကာ ငြိမ်းချမ်းရေးကို ပိုမိုဖြစ်ထွန်းစေပါသည်။

- အမျိုးသားအသင်းသည် သက်ဆိုင်ရာနိုင်ငံတွင် တစ်ခုတည်းသော အသင်းဖြစ်ရမည့်အပြင် ၎င်း၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို နိုင်ငံနယ်နိမိတ်တစ်ခုလုံးအတွင်း မြို့ပြအချက်အချာဒေသများနည်းတူ ဝေးလံခေါင်ပါးသော ကျေးလက်ဒေသများတွင်ပါ ဆောင်ရွက်ရပါမည်။
- အမျိုးသားအသင်းသည် လူမျိုး၊ ကျား/မ၊ အဆင့်အတန်း၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး ခံယူချက် သို့မဟုတ် အခြားသော မည်သည့်စံနှုန်းများပေါ်တွင်မဆိုအခြေခံကာ ခွဲခြားမှု မရှိပဲ တိုင်းရင်းသား အားလုံးနှင့် လူမှုရေးဆိုင်ရာ အုပ်စုများ အားလုံးထဲမှ စေတနာလုပ်အားရှင်များ၊ ဝန်ထမ်းများနှင့် ယင်း၏အုပ်ချုပ်မှု အဖွဲ့ဝင်များကို စုဆောင်းခန့်အပ်ရပါမည်။

## ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း

**အဆင့်အတန်းတူညီပြီး တာဝန်နှင့်ဝတ္တရားများ ညီတူညီမျှခွဲဝေကာ တစ်သင်းနှင့်တစ်သင်း ကူညီပံ့ပိုးမှုပေးသည့် အမျိုးသားအသင်းများအားလုံး ပါဝင်သည့် ကြက်ခြေနီလှုပ်ရှားမှုသည် ကမ္ဘာတစ်ဝှမ်းတွင် ပျံ့နှံ့တည်ရှိသည်။**

- ကမ္ဘာတစ်ဝှမ်းရှိ ဆင်းရဲဒုက္ခခံစားရမှုများကို ကမ္ဘာနှင့်အဝှမ်း တုံ့ပြန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အမျိုးသားအသင်းများသည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးတွင် တည်ရှိနေပြီး အကျပ်အတည်း ပြဿနာများကို တုံ့ပြန်လုပ်ဆောင်ရာ၌ တစ်သင်းနှင့်တစ်သင်း ရိုင်းပင်းကူညီကြရန် အားလုံးတွင် တာဝန်ရှိသည့်အပြင် သွေးစည်းညီညွတ်မှုနှင့် အပြန်အလှန် လေးစားမှုစိတ်ဓာတ်တို့ဖြင့် အသင်းများ၏ ဖွံ့ဖြိုးမှုအတွက် အသင်းအချင်းချင်းအထောက်အကူပေးရပါမည်။
- အသင်းဝင်ဦးရေ သို့မဟုတ် ရန်ပုံငွေ ရင်းမြစ်တို့နှင့် မသက်ဆိုင်ဘဲ ဤကြက်ခြေနီလှုပ်ရှားမှု၏ အုပ်ချုပ်မှုအဖွဲ့များတွင် အမျိုးသားအသင်း အသီးသီး၌ တန်းတူရည်တူ မဲပေးခွင့်ရှိပါသည်။
- ကမ္ဘာတစ်ဝှမ်းပျံ့နှံ့ခြင်းဟူသည့် အခြေခံမူသည် ကြက်ခြေနီလှုပ်ရှားမှုတွင် ပါဝင်နေသော အစိတ်အပိုင်းတစ်ခု၏ ချွတ်ယွင်းအားနည်းမှု သို့မဟုတ် အစိတ်အပိုင်း တစ်ခုကိုချန်လှပ်ထားမှုက ဤကြက်ခြေနီလှုပ်ရှားမှုတစ်ခုလုံးကို ထိခိုက်စေသည့် အဓိပ္ပါယ်ကိုလည်း ဖြစ်ပါသည်။ ကြက်ခြေနီလှုပ်ရှားမှု၏ ဂုဏ်သိက္ခာနှင့် ကြက်ခြေနီလှုပ်ရှားမှု အပေါ်ထားရှိသော အများပြည်သူ၏ အမြင်သည် ဤအခြေခံမူများ အားလုံးကို လိုက်နာ ကျင့်သုံးမှု အပေါ်တွင် မူတည်နေပါသည်။